ရေပိုင်းကျေးရွာ

ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေပိုင်းကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ရေဝိုင်းကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၄ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၆ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၅ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၇ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


**ဒီဇင်ဘာလ၊ ၂၀၁၇**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ရေပိုင်းကျေးရွာ**

**ထားဝယ်မြို့နယ်**

## ရေဝိုင်းကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရေဝိုင်းကျေးရွာ၏ အရှေ့ဘက်တွင် ဟာမြင်းကြီးကျေးရွာအုပ်စု ၊အနောက်ဘက်တွင် မောင်မယ်ရှောင်ကျေးရွာအုပ်စု၊တောင်ဘက်တွင် ပကာရီကျေးရွာအုပ်စုနှင့်မြောက်ဘက်တွင် ရေဖြူမြို့နယ်နှင့် နယ်နမိတ်ချင်းထိစပ်လျက် ရှိပါသည်။ ကျေးရွာသည် ထားဝယ်၊ပကာရီနှင့် ဟာမြင်းကြီးလမ်းပေါ်တွင် တည်းရှိပြီး ကျေးရွာအုပ်စု ပကာရီကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ဥယျာဉ်ခြံလုပ်ငန်းဖြစ်သည်။ ကျေးရွာသည် ကုန်းတွင်းပိုင်းအနည်းငယ်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမရှိပါ။ ရွာအနီးတွင် တောတောင်၊ချောင်းများ ရှိပါသည်။ လယ်မြေအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ရွာတွင်း ရေအနည်းငယ်ကြီးသော်လည်း ထိခိုက်ပျက်စီးခြင်းမရှိပါ။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရေဝိုင်းကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၃) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ရေဝိုင်းကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၈၀နှင့်၁၀၀) လက်မခန့်ရှိပါသည်။ လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတအနည်းငယ်ထွက်ရှိသည်။ တောင်သူများသည်စိုက်ပျိုးရေးအတွက် ချောင်းရေနှင့် တွင်းရေများကိုအသုံးပြုသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်းသီးပင်၊ ရာဘာပင် နှင့် သီဟိုဠ်များစိုက်ပျိုးသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာ၏ သာရေးနာရေး၊ ယဉ်ကျေးမှုနှင်းဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ မိဘဆရာအသင်းတို့သည် ကျေးရွာ၏ သာရေးနာရေး၊ ဖွံ့ဖြိုးရေးစသည်တို့တွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ (၃)ဖွဲ့ရှိပါသည်။ အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အမျိုးသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အမျိုးသမီး အကြမ်းဖက်မှုများကင်းဝေးရန်ဖြစ်ပါသည်။ မိခင်နှင့်ကလေးအဖွဲ့၏ အဓိကတာဝန်မှာ မိခင်နှင့်ကလေးကျန်းမာရေး ကောင်းမွန်စေရန်ဖြစ်ပါသည်။ အရံသားဖွား၏ တာဝန်မှာ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစကလေးများကို ကူညီစောင့်ရှောက်ရန် ဖြစ်ပါ

သည်။ ဆေးရုံ၊ဆေးခန်းများ အလှမ်းဝေးသဖြင့် ကျေးရွာရှိလူတို့အတွက်ကျန်းမာရေး စောင့်ရှောက်မှု နှင့်ဆေးဝါးများ စုံလင်စွာရရှိရန်လိုအပ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်မြေ(၆)ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် အနေအထားရှိပါသည်။ ချောင်းတစ်ခုတည်းမှာသာ ရေရရှိပါသည်။ တောင်သူများမှာ မိုးရာသီတွင် အဓိကလုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံမြေမှာ ၂၉၃.၅ ဧကရှိပြီး တောင်ယာ မြေလုပ်ကိုင်သူမှာ ရှားပါးပါသည်။ ပုံစံ(၇) မရှိသေးသော မြေအလွတ်များရှိနေသဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မှု နည်းရပါသည်။ အိမ်၊ ခြံဝင်းများစိုက်ခင်းမှာ (၆၆)ဧကရှိပြီး ထိုအထဲမှ (၄၅)ဧကမှာ ကွမ်းသီးပင်များ ဖြစ်ကြသည်။ နှစ်ရှည်သီးနှံစိုက်ခင်းမှာ (၁၀၄)ဧကရှိပြီး အများစုမှာ ရော်ဘာပင်များဖြစ်ပြီး တစ်နှစ်မှသုံးနှစ်သား အပင်များပြားကြောင်း တွေ့ရှိရ ပါသည်။

ကျေးရွာတွင် သီးနှံထုတ်လုပ်ရေးစိုက်ပျိုးမြေပိုင်ဆိုင်မှုအခြေအနေမှာ မြေယာမဲ့ အိမ်ထောင်စု(၈)စုရှိပြီး အခြားမြေယာ၌ မှီခိုနေရပါသည်။ လယ်၊ တောင်ယာနှင့် ဥယျာဉ်မြေ ကေပိုင်ဆိုင်သော တောင်သူလယ်သမားအိမ်ထောင်စုသည် စုစုပေါင်း၏ (၈၅.၅%)ခန့်ရှိ၍ ရာသီအလိုက် ဥယျာဉ်သီးနှံများလည်း ထွက်ရှိနေပါသည်။ သို့သော် တချို့သောသူများသည် မြေယာပိုင်ဆိုင်မှုရှိသော်လည်း ငွေကြေးအဆင်မပြေသဖြင့် မလုပ်ကိုင်နိုင်ကြပါ။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ငွေကြေးချေးပေးမှု ဝန်ဆောင်မှုများလိုအပ်နေပါသည်။

ကျေးရွာတွင် အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်မှ ချိတ်ဆက်မှု မရရှိသေးပါ။ ဆည်၊ ရေလွှဲဆည်၊ မြစ်ရေတင်စီမံကိန်း၊ အဝီစိတွင်းသုံးပြီး စိုက်ပျိုးခြင်းမရှိပါ။ လက်ငင် ရေတွင်း အနည်းငယ်ရှိပါသည်။ ချောင်းရေကိုလည်း အနည်းငယ်မှီခို စိုက်ပျိုးနေရပါသည်။ ဒါပေမဲ့ ရာသီအလိုက်သာ စိုက်ပျိုးရန် အဆင်ပြေပါသည်။ စီးပွားရေးရှင်များနှင့် ဌာနဆိုင်ရာ များမှ ဆည်၊ ရေစီမံကိန်းကို လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် အဓိကသီးနှံထွက်နှုန်းမှာ သီဟိုဠ်၊ ကွမ်းသီး၊ ရော်ဘာတို့သာ ထွက်ရှိပါသည်။ ဥယျာဉ်ခြံလုပ်ကိုင်သူများသည် ရွာ၏နှစ်ပုံတစ်ပုံခန့်ရှိပါသည်။ သီဟိုဠ်နှင့် ကွမ်းသီးထွက်နှုန်း အနည်းငယ်သာရှိပါသည်။ သီဟိုဠ်စိုက်ပျိုးကာလမှာ ၁ နှစ် မှ ၅ နှစ်၊ ကွမ်းသီးမှာ ၈ နှစ် မှ ၉ နှစ် ဝန်းကျင်မျှကြာမြင့်ပါသည်။ သွင်းအားစုမှာ အလယ်အလတ်ရှိပြီး အမြတ်ရရှိမှု မှာလည်း အလယ်အလတ်အဆင့်သာရှိပါသည်။ ထို့ကြောင့် ဒေသထွက်

သီးနှံဈေးကွက်ကို ပွဲရုံများနှင့် ချိတ်ဆက်မိပါက အကျိုးအမြတ်ရရှိနိုင်မည်ဟု လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ အလွန်နည်းပါးပါသည်။ ရေစုပ်စက်(၇)လုံးရှိပြီး ငါးဦးပိုင်ဖြစ်ပါသည်။ မြက်ရိတ်စက်(၃၇)လုံးရှိပြီး သုံးဦးပိုင်ဖြစ်ပါသည်။ မြက်ရိတ်စက်မှာ အသင့်ရှိနေပြီး ကိုယ်ပိုင်စိုက်ပျိုးမြေများအတွက်နှင့် နေ့စားလုပ်သားများအတွက် တောရှင်းရန် အသုံးပြုကြပါသည်။

ကျေးရွာတွင် သီးနှံထွက်နှုန်းတိုးစေရန် အခွင့်အလမ်းမှာ စိုက်ပျိုးမြေတိုး ချဲ့ရန်ရှိပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ဆည်မြောင်းများမရှိသဖြင့် ရေအရင်းအမြစ် ရရှိမှုမရှိပါ။ သဘာဝမြေဆွေး၊ အော်ဂဲနစ်၊ မြေသြဇာအသုံးချမှုနှင့် အော်ဂဲနစ်ဓာတုပိုးသတ်ဆေး အသင့်အတင့်ရှိပါသည်။ ငွေကြေးမတတ်နိုင်ခြင်းကြောင့် သွင်းအားစုမှာ ခက်ခဲမှုရှိပြီး သွင်းအားစုဈေးကွက်နှင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမှာ အားနည်းပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ နည်းပညာ ပံ့ပေးမှုနှင့် ငွေချေးဝန်ဆောင်မှုများ လိုအပ်နေပါသည်။

ကျေးရွာတွင် ဥယျာဉ်ခြံစိုက်ပျိုးမြေတိုးချဲ့နိုင်ရန်အတွက် ပိုစံ(၇)ရရှိရန် လိုအပ်နေပါသည်။ မြေဆီသြဇာမှာ အသင့်အတင့်ရှိပြီး နည်းပညာကောင်းမွန်ရန်နှင့် ငွေကြေးအရင်းအနှီးရရှိနိုင်ရန်ခက်ခဲပါသည်။ ထိုကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ချေးငွေများ ရရှိရန်လိုအပ်ပါသည်။ စိုက်ပျိုးရေးသွင်းအားစုများ ရရှိမှုခက်ခဲပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်လိုအပ်ပါသည်။ ကျွမ်းကျင်လုပ်သားများ ရှားပါးပြီး ဖျက်ပိုးနှင့်ရောဂါ ကျရောက်မ ကြုံတွေ့နေရသဖြင့် နည်းပညာများလိုအပ်ပါသည်။ ရေအရင်းအမြစ်နည်းပါးသဖြင့် ဆည်မြောင်းများနှင့် တောင်ကျရေသွယ်တန်းမှုလည်း လိုအပ်ပါသည်။ သက်ဆိုင်ရာဌာနမှ နည်းပညာအကူအညီများ စနစ်တကျပို့ချ ကွင်းဆင်းမှုများ လိုအပ်ပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးနှင့်ပတ်သက်ပြီး တိရစ္ဆာန်များမှာ ခိုင်းနွား၊ ဝက်နှင့် ဘဲသာ အနည်းငယ်ရှိပါသည်။ မွေးမြူရေးဌာနမှ ဆိတ်နှင့်ကြက်များ မွေးမြူရန် ချေးငွေများ ၊ သားပေါက်များ နည်းပညာများ လိုအပ်ပါသည်။ ငါးလုပ်ငန်းမှာ ကမ်းလွန်ငါးဖမ်းလုပ်ငန်း မရှိပါ။ ငါးကန်၊ ပုစွန်ကန်၊ ဂဏန်းကန် မွေးမြူရေး လုပ်ငန်း များမရှိပါ။ ငါးကန်၊ ပုစွန်ကန်များ မွေးမြူရန် နေရာများ ရှိပါသည်။ ထို့ကြောင့် မွေးမြူရေး ဌာနမှ ချေးငွေများ၊ သားပေါက်များ၊ နည်းပညာများ ပံ့ပိုးပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် စားကျက်မြေများနည်းပါးပြီး အိမ်ခြံဝင်းအတွင်းမြေနေရာ

လုံလောက်မှုရှိပါသည်။ မျိုးတိရစ္ဆာန်လက်လှမ်းမီမှုမရှိသေးပါ။ သွင်းအားစုဈေးကွက် ဝန်ဆောင်မှု၊ ထုတ်ကုန်ရောင်းဝယ်မှုများ၊ အချိတ်အဆက်များ လိုအပ်ပါသည်။ ငါး၊ ပုစွန် သားပေါက်များ ချိတ်ဆက်မှုမရရှိသေးပါ။ သွင်းအားစုတွင်လည်း အချိတ်အဆက်ကောင်း များ လိုအပ်ပါသည်။ ရောဂါကာကွယ်ရေးဆိုင်ရာဝန်ဆောင်မှုများပံ့ပိုးပေးခြင်း၊ မွေးမြူရေး လုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့်အဖွဲ့များမှ ကာလရှည်ချေးငွေ များရရှိခြင်း စသည်တို့ကလည်း စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။ ကျေးရွာမှ စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်းများ တက်ရောက်လိုပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှု များတွင် ချေးငွေရရှိနိုင်မှုမှာ အတိုးနှုန်းကြီးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဌာနမှ အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေထုတ်ပေးရန်လိုအပ်ပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှု မကြုံတွေ့ရ သေးပါ။ တိရိစ္ဆာန်ကျန်းမာရေး အသိပညာပေးမှု အထူးလိုအပ်ပါသည်။ စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းအတွက် လိုင်စင်ရရန်လက်လှမ်းမီမှု အားနည်းနေပါသည်။ ငါးကန်၊ ပုစွန်ကန် နေရာ များရှိသော်လည်း သားပေါက်နှင့် နည်းပညာများမသိရှိသဖြင့် ခက်ခဲမှုရှိနေပါသည်။ ရောဂါ ကာကွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေ ထုတ်ချေး ပေးနိုင်မည့်အဖွဲ့များမှ ကာလရှည်ချေးငွေများရရှိခြင်း စသည်တို့ကလည်း စီးပွား ဖြစ်မွေးမြူ ရေးလုပ်ကိုင်ရန် အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ဒေသမှမည်သည့် ထုတ်ကုန်မျှ ထုတ်လုပ်မှုမရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေး ဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်း ခြင်း၊ မိရိုးဖလာကျပန်းအလုပ်ကိုသာ အာရုံစိုက်၍လုပ်ကိုင်ကြခြင်း၊ ချေးငွေရရှိရန် ခက်ခဲခြင်း စသည်တို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ပြဿနာ နှင့် အခက်အခဲများ ဖြစ်နေပါသည်။

ကျေးရွာတွင် ရွှေ့ပြောင်းလုပ်သား(၁)ဦး အနည်းဆုံးရှိသော အိမ်ထောင်စုနှင့် ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျေးရွာမှ ရွှေ့ပြောင်း သွားလာလုပ်ကိုင်နေကြသူ အများစုမှာ ပြည်ပတွင်သာများပါသည်။ လုပ်ခလစာ ပိုမိုရရှိခြင်း နှင့် အလုပ်အကိုင် ပုံမှန်ရှိခြင်းတို့ကြောင့် သွားရောက် လုပ်ကိုင်ကြပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူမှု ပို၍များပြီး ပြန်လည်ပေးဆပ် ကာလမှာ (၆)လ၊ အတိုးနှုန်း (၁၀%)ဖြစ်ပါသည်။ အပေါင်ခံပစ္စည်း အနည်းငယ်လိုအပ်ပြီး ချေးငွေ

ရရှိရန် ခက်ခဲမှုကြုံတွေ့ရပါသည်။ ထို့ကြောင့် ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲ ရှိနေပါသည်။ ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်းတို့ကြောင့်ဖြစ်သည်။ ကျေးရွာ၌ အစိုးရ ဘဏ်မှ အတိုးနှုန်းသက်သာသော ချေးငွေများထုတ်ချေးပေးပါက မိသားစုစားဝတ်နေရေးနှင့် ကိစ္စအဝဝအတွက် ပိုမိုအဆင်ပြေနိုင်မည်ဖြစ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ရွာတွင်းလမ်းမှာ ၁ မိုင်ရှိပြီး ၃ ဖာလုံမှာ ကတ္တရာလမ်းဖြစ်ပြီး ကျန် ၅ဖာလုံမှာ ကျောက်စရစ်လမ်းဖြစ်ပါသည်။ လမ်းအခြေအနေမှာ မကောင်းသော်လည်း တစ်နှစ်ပတ်လုံး သွားလာ၍အဆင်ပြေပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်စရစ်လမ်းဖြစ်ပြီး ပွင့်လင်းရာသီမှသာ သွားလာရအဆင်ပြေပါသည်။ ရွာချင်းဆက်လမ်း(၂)လမ်းရှိပြီး တစ်လမ်း(၅)မိုင်ခန့်ဝေးပြီး တစ်လမ်းမှာ(၇)မိုင်ခန့်ကွာဝေးပါသည်။ ရွာတွင်းလမ်းမှာ ၂၀၁၃-၁၄ ခုနှစ်က တည်ဆောက်ခဲ့ပါသည်။ ရွာချင်းဆက်လမ်းမှာ နယ်ချဲ့အင်္ဂလိပ်များ လက်ထက်ကတည်းက တည်ဆောက်ခဲ့ကြောင်းသိရှိရပါသည်။ ထို့ကြောင့် ထိုလမ်းများ ကောင်းမွန်လာပါက သယ်ယူပို့ဆောင်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေးလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ရွာတွင်းလမ်းမှာ ၁ မိုင်ရှိပြီး ၃ ဖာလုံမှာ ကတ္တရာလမ်းဖြစ်ပြီး ကျန် ၅ဖာလုံမှာ ကျောက်စရစ်လမ်းဖြစ်ပါသည်။ လမ်းအခြေအနေမှာ မကောင်းသော်လည်း တစ်နှစ်ပတ်လုံးသွားလာ၍ အဆင်ပြေပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်စရစ်လမ်းဖြစ်ပြီး ပွင့်လင်းရာသီမှသာ သွားလာရအဆင်ပြေပါသည်။ ရွာချင်းဆက်လမ်း(၂)လမ်းရှိပြီး တစ်လမ်း(၅)မိုင်ခန့်ဝေးပြီး တစ်လမ်းမှာ (၇)မိုင်ခန့်ကွာဝေးပါသည်။ ရွာတွင်းလမ်းမှာ ၂၀၁၃-၁၄ ခုနှစ်ကတည်ဆောက်ခဲ့ပါသည်။ ရွာချင်းဆက်လမ်းမှာ နယ်ချဲ့အင်္ဂလိပ်များ လက်ထက်ကတည်းက တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ထိုလမ်းများကောင်းမွန်လာပါက သယ်ယူပို့ဆောင်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေးလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာအတွင်း ရေကြောင်းပို့ဆောင်ရေးမရှိပါ။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာ၏မီးလင်းရေးတွင် အများအားဖြင့် ရွာမှပေးသော ဒီဇယ်သုံးအင်ဂျင်ကို အသုံးပြုနေကြပါသည်။ ဆိုလာအသုံးပြုသော အိမ်ထောင်စုအနည်းငယ်ရှိပြီး ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုအချို့သည် ဒီဇယ်မီးခွက်များနှင့် ဖယောင်းတိုင်များကိုသာ အလင်းရောင်အတွက် အသုံးပြုနေရပါသည်။ ကျေးရွာတွင် ဓာတ်အားလိုင်းဖြင့် ချိတ်ဆက်

နိုင်ပါက ပိုမိုကောင်းမွန်သော လျှပ်စစ်မီးဝန်ဆောင်မှုကိုရရှိကာ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဖုန်းလိုင်းဆက်သွယ်ရေးအခြေအနေမှာ ဖုန်းတာဝါတိုင်သည် ရွာနှင့် ၅ မိုင်ခန့် ဝေးကွာနေခြင်းကြောင့် ဖုန်းလိုင်းမမိ၍ ဆက်သွယ်မှုကွန်ကယ် အဆင်မပြေဖြစ်ရပါသည်။

### ၆။ ပညာရေး

ကျေးရွာ၏စာတတ်မြောက်မှုတွင် စာမတတ်သူဦးရေမှာ တစ်ရွာလုံး၏ (၂.၂၆) ရာခိုင်နှုန်းရှိပါသည်။ ဘုန်းကြီးကျောင်းပညာရေးမှာ (၁၅.၃၈) ရာခိုင်နှုန်း၊ မူလတန်းပညာ ပြီးဆုံးသူဦးရေ (၁၇.၁၉) ရာခိုင်နှုန်း၊ ပြီးဆုံးသူဦးရေ (၅၉.၇၃) ရာခိုင်နှုန်း၊ အလယ်တန်း ပညာပြီးဆုံးသူဦးရေ (၄.၀၇) ရာခိုင်နှုန်း၊ အထက်တန်း ပညာပြီးဆုံးသူဦးရေ (၀.၄၅) ရာခိုင်နှုန်း၊ တက္ကသိုလ်ပြီးဆုံးသူဦးရေ (၀.၄၅) ရာခိုင်နှုန်းရှိပါသည်။ မူလတန်းပညာပြီး ဆုံးမှုမှာ များပြားသော်လည်း အလယ်တန်းပညာနှင့် အထက်တန်းပညာရေးတို့အတွက် အတန်းဆက်တက်ရန် စာသင်ကျောင်းများမရှိသည့်အတွက် အလယ်တန်းနှင့် အထက်တန်း ပြီးဆုံးသူဦးရေနည်းပါးပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းမှာ အုပ်စုကျေးရွာ တွင်သာရှိပြီး လမ်းခရီးကြမ်းတမ်းခြင်း၊ ခရီးဝေးကွာခြင်းတို့ကြောင့် မူလတန်းပညာတွင်သာ ဆုံးခန်းတိုင်ကြရပါသည်။ ထိုကြောင့် အထက်တန်း(သို့မဟုတ်) အလယ်တန်းအဆင့်သို့ တိုးမြှင့်ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ အလိမ္မာစာသင်ကျောင်းက ဆိုသလို စာသင် ကျောင်းတိုးမြှင့်ပေးမှ ကလေးများအသိပညာမြင့်မားပြီး နိုင်ငံအတွက် အနာဂတ်သားကောင်း များ ပေါ်ထွန်းလာမည်ဟု လေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ကျောင်းတက်နှုန်းမှာ မူလတန်းတွင်ကျား၊မ ပေါင်း(၂၃)ဦးရှိပြီး လက်ရှိမူလတန်းမှာ ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ(၃၀) ကျော်ရှိပါသည်။ အိမ်ထောင်စုစာရင်းကောက်ရာတွင် (၂၃) ဦးသာရှိသည်။ ကျန်ကျောင်းသား/သူများမှာ ကျေးရွာတွင် ပညာသင်ကြားနေသော်လည်း ကျေးရွာအုပ်စု တွင်ပါဝင်သောအိမ်ထောင်စုများ မဟုတ်သောကြောင့် အိမ်ထောင်စုစာရင်းကောက်ရာတွင် မပါဝင်ခြင်းဖြစ်သည်။ အလယ် တန်းတွင် ကျား(၈)၊ မ(၈)ဦး ရှိပါ သည်။ အထက်တန်းကျောင်းသား/သူဦးရေမှာ ကျား(၁)၊ မ(၂)ဦးရှိပါသည်။ တက္ကသိုလ် ကျောင်းသား/သူများ မရှိသေးပါ။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ကျောင်းသား/သူများ ရှိပါသည်။

ကျေးရွာ၏စာသင်ကျောင်းဆောင်မှာ ရွာနှင့်(၆)ဖာလုံ ကွာဝေးပါသည်။ သယ်ယူ ပို့ဆောင်ရေးမှာ သီးခြားမရှိပါ။ အဆင်ပြေသလိုသွားလာကြရပါသည်။ စာသင်ကျောင်း အရွယ်အစားမှာ အလျား(၄၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၅)ပေ ရှိပါသည်။ ကျောင်းသား/ သူ

ဦးရေများပြားလာသဖြင့် ကျောင်းဆောင်အသစ် တိုးချဲ့ရန်လိုအပ်ပါသည်။ အမိုး၊ နံရံ၊ အခင်းမှာ သွပ်၊ အုတ်၊ အင်္ဂတေဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂလုံလောက်မှုမှာ အသင့်အတင့်ရှိပါသည်။ ကျောင်းအိမ်သာမလုံလောက်သဖြင့် ထပ်မံဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာ၏ပညာရေး အခက်အခဲနှင့်ပြဿနာမှာ ကျောင်းဆရာမဦးရေ (၅)ဦးပြီး ၈:၀ဖြင့် သင်ကြားပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာ ကျောင်း သား/သူ အနည်းစုသည် TC ဖြင့် ပြောင်းရွှေ့မှုရှိသည်။ မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မှာမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာမှာ လုံလောက်မှုရှိပါသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မှာ ယခုအချိန်၌ မူလတန်းပညာရေးသည် အခမဲ့ပညာရေးစနစ်ဖြစ်ပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ၌ လက်လှမ်းမမှီပါ။ အားကစားအနေဖြင့် ဘောလုံးနှင့် ကြက်တောင်သာရှိပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာ မိဘဆရာအသင်းအဖွဲ့အစည်းရှိပါသည်။ ထိုအဖွဲ့အစည်းသည် အခါအားလျော်စွာ ကူညီလုပ်ဆောင်ပေးပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျေးရွာတွင် လွန်ခဲ့သော ၁၂လအတွင်း ကာကွယ်ဆေးထိုးနှံမှုမှာ အဆုတ်ရောဂါ၌ ကာကွယ်ဆေးထိုးနှံမှုလူနည်းစုသာရှိပါသည်။ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါရောဂါများ ဖြစ်ပွားမှုမှာ အလွန်နည်းပါးသဖြင့် ကာကွယ်ဆေးထိုးနှံမှုမရှိပါ။ ပိုလီယိုရောဂါမှာ လူဦးရေ ၀.၀၁%သာရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးနှံမှုရှိပါသည်။ မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း)နှင့် ဝက်သက်ရောဂါတို့မှာ ဖြစ်ပွားနှုန်းလွန်စွာနည်းပါးသဖြင့် ဆေးထိုးနှံမှုများမတွေ့ရှိခဲ့ပါ။ အခြားစုပေါင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရမှတ်တမ်းယူမှုတို့မှာ တစ်လတစ်ကြိမ်(သို့) နှစ်ကြိမ်ခန့် ပုံမှန်ပြုလုပ်ပေးမှုများ ရှိပါသည်။ အာဟာရပညာပေးအစီအစဉ်တွင် တစ်ခါတစ်ရံ ဟောပြောပွဲများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာမှ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ (၅)မိုင်ခန့်ကွာဝေးပါသည်။ သွားလာရာ၌ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အသက်အန္တရာယ်စိုးရိမ်ရသည့် အချိန်များတွင် ခရီးနှောင့်နှေးမှုများ ကြုံတွေ့နေရပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်အညီ အခန်း၊ကုတင်နှင့် ဆေးဝါးများလည်း ရှိသင့်သလောက်ရှိပါသည်။ သို့သော် ကျေးရွာမှ တိုယ်နယ်ဆေးရုံ၊ ပြည်သူ့ဆေးရုံနှင့် ဆေးဆိုင်များသို့ ၁၅ မိုင်ခန့်ကွာဝေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်း သဖြင့် အသက်အန္တရာယ်စိုးရိမ်ရသည့်အချိန်များတွင် အချိန်ကြန့်ကြာမှုများ ကြုံတွေ့နေရပါသည်။ အခန်း၊ ကုတင်၊ ဆေးဝါးများလည်း

လုံလောက်စွာ ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုသည် အသက်အန္တရာယ်စိုးရိမ်ရသည့်အဓိကအကြောင်းအရင်းဖြစ်သဖြင့် ကျေးရွာအတွင်း၌ အခန်း၊ ကုတင်၊ ဆရာ/မနှင့် ဆေးဝါးများ လုံလောက်စွာရှိသည့် ဆေးခန်းများ ဖွင့်ပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် အိမ်ဝိုင်းအတွင်းရှိ လက်တူးရေတွင်းများဖြင့် အသုံးပြုကြပါသည်။ ချောင်းရှိသော်လည်း မိုးရာသီနှင့် ဆောင်းရာသီသာ အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် တောင်ကျစိမ့်စမ်းရေသွယ်ပြီး ရေကန်များတည်ဆောက်ခြင်းတို့ ပြုလုပ်နိုင်ပါက သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်မည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲနိုင်မှုမှာ ၇၀%ခန့်သာ ရှိပါသည်။ အချို့မှာ ကျင်းတက်အိမ်သာကို အသုံးပြုကြပြီး အနည်းစုမှာ ကြုံသလိုဖြေရှင်းကြသည်။ ထိုကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ တခါတရံဖြစ်ပွားကြောင်း တွေ့ရပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျနေပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို၊ မသန်စွမ်းသည့် ပုဂ္ဂိုလ်မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ခြေမှာ (၄)အိမ်ရှိပြီး မုဆိုးဖို၊ တစ်ခုလပ် အိမ်ခြေမှာ (၃)အိမ်ရှိပါသည်။ထိုဆင်းရဲသားများဖြစ်ကြသဖြင့် ရရာအလုပ်ကို လုပ်ကိုင်စားသောက်နေကြရပြီး စားဝတ်နေရေးမှာ ထိခိုက်ခက်ခဲမှုရှိပါသည်။ အခြားဒေသသို့သွားရောက်နေထိုင်သော ဆင်းရဲသည့်အိမ်ထောင်စုများမရှိပါ။

ကျေးရွာ၏ထိခိုက်သက်ရောက်မှု အခြေအနေမှာ ပုံမှန်ဝင်ငွေမရှိခြင်းကြောင့် စားနပ်ရိက္ခာ မဖူလုံသောပြဿနာကြုံရပါသည်။ ငွေအင်အားမတတ်နိုင်ခြင်းကြောင့် စိုက်ပျိုးမြေတိုးချဲ့စိုက်ပျိုးမနိုင်ပါ။ တောတောင်များ အများအပြားခုတ်လှဲခြင်း၊ သစ်ဝါးများ ထုတ်လုပ်မှုကြောင့် သစ်တောပြုန်းတီးမှုမြင့်မားနေမှုကို တားဆီးရန်လိုအပ်နေပါသည်။ သဘာဝဘေးအန္တရာယ်မှာ တစ်ခါတစ်ရံကျရောက်သော်လည်း ဆိုးရွားမှုမရှိလှပါ။

ကျေးရွာတွင် စားကျက်မြေများနည်းပါးပြီး အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှုရှိပါသည်။ မျိုးတိရစ္ဆာန်လက်လှမ်းမီမှုမရှိသေးပါ။ သွင်းအားစုဈေးကွက်ဝန်ဆောင်မှု၊ ထုတ်ကုန်ရောင်းဝယ်မှုများ၊ အချိတ်အဆက်များ လိုအပ်ပါသည်။ ငါး၊ ပုစွန် သသားပေါက်များ ချိတ်ဆက်မှုမရရှိသေးပါ။ သွင်းအားစုတွင်လည်း အချိတ်အဆက်ကောင်း

များ လိုအပ်ပါသည်။ ရောဂါကာကွယ်ရေးဆိုင်ရာဝန်ဆောင်မှုများပံ့ပိုးပေးခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့်အဖွဲ့များမှ ကာလရှည်ချေးငွေများရရှိခြင်း စသည်တို့ကလည်း စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်ရန် အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ကျေးရွာမှ စီးပွားဖြစ်မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်းများ တက်ရောက်လိုပါသည်။ ပံ့ပိုးပေးပါက မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးနိုင်ပါသည်။

ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု အလေ့အကျင့်အခက်အခဲ မြေဩဇာအခြေအနေမှာ အန္တရာယ်ရှိမှု အလယ်အလတ်ရှိပြီး မြေအနည်းငယ်မှာ သဲ၊ နုန်းမြေများဖြစ်ပါသည်။ အများစုမှာမြေဩဇာကောင်းမွန်သော အခြေအနေတွင် ရှိပါသည်။ စနစ်တကျစိုက်ပျိုးရန်အတွက် နည်းလမ်းကောင်းများ၊ နည်းပညာများ၊ ဟောပြောပွဲ များလိုအပ်ပါသည်။ အပင်မျိုးစိတ်များမှာ ကောင်းမွန်ပါသည်။ ဖျက်ပိုးရောဂါအန္တရာယ်ရှိမှု မြင့်မားမှုကြောင့် နည်းပညာများပို့ချပေးရန် လိုအပ်ပါသည်။ ရေအရင်းအမြစ်အတွက် ဆည်မြောင်းများလိုအပ်ပြီး ရေစုပ်စက်ငယ်များလိုအပ်ပါသည်။ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများ အန္တရာယ်ရှိမှုမှာ အလွန်နည်းပါးပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။

လယ်ယာလုပ်ငန်း၊ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် ထုတ်ကုန်လုပ်ငန်းများတွင် ကျားဝင်ငွေမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး မ ဝင်ငွေမှာ ၄၅၀၀ ကျပ်သာရှိပါသည်။ ငါးဖမ်းလုပ်ငန်း၊ ယာဉ်စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများမှာ လုပ်ကိုင်သူရှားပါးပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် လက်လီ–လက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် ၈၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ခန့်အထိ ရရှိကြောင်း တွေ့ရပါသည်။ ကျွမ်းကျင်ပညာရှင် များ၊ အပ်ချုပ်သမားများတွင် မိန်းကလေးများသာ အဓိကလုပ်ကိုင်ကြပြီး ၁၅၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ခန့်အထိ ရရှိကြောင်း လေ့လာတွေ့ရှိပါသည်။ ရေဝိုင်းကျေးရွာတွင် အိမ်ထောင်စု (၅၅)စုရှိပြီး၊ လူဦးရေစုစုပေါင်း (၁၂၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၉၃)ဦး ရှိပါသည်။ အသက် (၁၅

နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၄.၅၈% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၅.၄၃% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၉၃)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းမျှရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

ကျေးရွာ၏စာတတ်မြောက်မှုတွင် စာမတတ်သူဦးရေမှာ တစ်ရွာလုံး၏ (၂.၂၆) ရာခိုင်နှုန်းရှိပါသည်။ ဘုန်းကြီးကျောင်းပညာရေးမှာ (၁၅.၃၈) ရာခိုင်နှုန်း၊ မူလတန်းပညာပြီးဆုံးသူဦးရေ (၁၇.၁၉) ရာခိုင်နှုန်း၊ ပြီးဆုံးသူဦးရေ (၅၉.၇၃) ရာခိုင်နှုန်း၊ အလယ်တန်းပညာပြီးဆုံးသူဦးရေ (၄.၀၇) ရာခိုင်နှုန်း၊ အထက်တန်း ပညာပြီးဆုံးသူဦးရေ (၀.၄၅) ရာခိုင်နှုန်း၊ တက္ကသိုလ်ပြီးဆုံးသူဦးရေ (၀.၄၅) ရာခိုင်နှုန်းရှိပါသည်။ မူလတန်းပညာ ပြီးဆုံးမှုမှာ များပြားသော်လည်း အလယ်တန်းပညာနှင့် အထက်တန်းပညာရေးတို့အတွက် အတန်းဆက်တက်ရန် စာသင်ကျောင်းများမရှိသည့်အတွက် အလယ်တန်းနှင့် အထက်တန်း ပြီးဆုံးသူဦးရေ နည်းပါးပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းမှာ အုပ်စုကျေးရွာတွင်သာ ရှိပြီး လမ်းခရီးကြမ်းတမ်းခြင်း၊ ခရီးဝေးကွာခြင်းတို့ကြောင့် မူလတန်းပညာတွင်သာ ဆုံးခန်းတိုင်ကြရပါသည်။ ထိုကြောင့် အထက်တန်း(သို့မဟုတ်) အလယ်တန်းအဆင့်သို့ တိုးမြှင့်ဆောက်လုပ်ပေးရန်လိုအပ်ပါသည်။ အလိမ္မာစာသင်ကျောင်း ကဆိုသလို စာသင်ကျောင်းတိုးမြှင့်ပေးမှ ကလေးများအသိပညာမြင့်မားပြီး နိုင်ငံအတွက်အနာဂတ် သားကောင်းများပေါ်ထွန်းလာမည်ဟု လေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ကျောင်းတက်နှုန်းမှာ မူလတန်းတွင်ကျား၊မ ပေါင်း(၂၃)ဦးရှိပြီး လက်ရှိမူလတန်းမှာ ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ(၃၀) ကျော် ရှိပါသည်။ အိမ်ထောင်စုစာရင်းကောက်ရာတွင် (၂၃) ဦးသာရှိသည်။ ကျန်ကျောင်းသား/သူများမှာ ကျေးရွာတွင် ပညာသင်ကြားနေသော်လည်း ကျေးရွာအုပ်စု တွင်ပါဝင်သောအိမ်ထောင်စုများ မဟုတ်သောကြောင့် အိမ်ထောင်စုစာရင်းကောက်ရာတွင်မပါဝင်ခြင်းဖြစ်သည်။ အလယ်တန်းတွင် ကျား(၈)၊ မ(၈)ဦး ရှိပါသည်။ အထက်တန်းကျောင်းသား/သူဦးရေမှာ ကျား(၁)၊ မ(၂)ဦး ရှိပါသည်။ တက္ကသိုလ် ကျောင်းသား/သူများမရှိသေးပါ။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသော ကျောင်းသား/သူများ ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -ပကာရီ | | | ကျေးရွာအမည် - ရေဝိုင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | စိုက်ပျိုးရေး | စက် | လယ်ယာသုံးကိရိယာများအရစ်ကျစနစ်ဖြင့်ရောင်းချခြင်း။ | |
| ၂ | စိုက်ပျိုးရေး | ရေ | ရေမြောင်း၊ရေတံခါးများပြုလုပ်၍ စိုက်ပျိုးရေရရှိအောင်လုပ်ဆောင်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ရွေးချယ်နည်း၊ မြေဩဇာပြုလုပ်နည်းသင်တန်းများပေးခြင်း။ | |
| ၄ | ငွေကြေး | အသေးစား | စိုက်ပျိုးရေး၊မွေးမြူရေး ၊စိုက်/မွေးမဟုတ်သောလုပ်ငန်းများအတွက်ချေးငွေထုတ်ချေးခြင်း။ | |
| ၅ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစားလတ်စား၊ စီးပွားရေးလုပ်ငန်းများ | ထုတ်ကုန်လုပ်ငန်းများ SMLE | စက်ရုံအလုပ်ရုံများ တည်ထောင်ပေးခြင်း။ | |
| ၆ | သတင်းနှင့်ဆက်သွယ်ရေး | ဆက်သွယ်ရေးကွန်ယက် | ဖုန်းတာဝါတိုင် | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | မောင်မယ်ရောင်၊ရေဝိုင်းရွာချင်းဆက်လမ်း(၅/၄)မိုင် ကတ္တရာခင်းခြင်း၊ တံတား(၁)စင်း ၊ ရေပြွန်တစ်ခု။ | |
| ၈ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေတွင်း(၂)တွင်းတူးခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | တိရိစ္ဆာန်မွေးမြူရေး | မျိုးကောင်းမျိုးသန့်ရရှိရန်ချိတ်ဆက်ပေးခြင်း။ | |
| ၁၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက် | |
| ၁၁ | လူငယ်နှင့်အားကစား | အားကစား | ကလေးအားကစားကွင်းတည်ဆောက်ခြင်း | |

## ရေဝိုင်းကျေးရွာ၊ ပကာရီကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးချစ်ဝင်း | ဦးဂျန်ဦး | ၆/ထဝန (နိုင်) ၀၄၄၃၄၂ | ၅၉ | ဥက္ကဋ္ဌ | ၀၉၂၆၃၇၃၅၉၂၆ |
| ၂ | ဦးသိန်းရွှေ | ဦးလူမဲ | ၆/ထဝန (နိုင်) ၀၄၄၃၈၆ | ၆၉ | အတွင်းရေးမှူး | |
| ၃ | ဦးညဏ်ထွန်း | ဦးထွန်းအောင် | ၆/ထဝန (နိုင်) ၀၄၄၃၉၄ | ၅၄ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးအောင်ဇော်မျိုး | ဦးဝင်းဖေ | ၆/ထဝန (နိုင်) ၀၅၀၅၆၉ | ၃၈ | စာရင်းကိုင် | |
| ၅ | ဦးချိုသက် | ဦးလှမောင် | ၆/ထဝန (နိုင်) ၀၇၁၈၄၉ | ၄၂ | စာရင်းစစ် | |
| ၆ | ဦးဇော်မင်း | ဦးချစ်ဝင်း | ၆/ထဝန (နိုင်) ၀၅၀၅၇၄ | ၃၇ | အဖွဲ့ဝင် | |
| ၇ | ဦးရန်နိုင်မျိုး | ဦးညဏ်ထွန်း | ၆/ထဝန (နိုင်) ၁၀၈၀၀၂ | ၂၉ | အဖွဲ့ဝင် | |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |

**အထောက်အကူပြု ဇယားများ**

**(၁ကျေးရွာဖွံ့ဖြိုးရေ) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၁၂ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၉ | ၂၂ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၂ | ၁၄ | ၂၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၀ | ၉၅ | ၁၇၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၁၂ | ၂၀ |
| **စုစုပေါင်း** | | **၁၂၈** | **၁၄၃** | **၂၇၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၅၅** | | |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ရေဝိုင်းကျေးရွာတွင် အိမ်ထောင်စု (၅၅)စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၂၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၉၃)ဦးရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၄.၅၈% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၅.၄၃% သည် မှီခိုသူများဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၉၃)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းမျှ ရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ)	အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၆ | ၄၅ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁ | ၄၁ | မြင့် ☐ လက်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၁၇ | ၁၅ | မြင့် ☐ လက်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၆ | ၄ | မြင့် ☐ လက်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လက်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့် ☐ လက်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၈ | ၄၁ | ၅၃ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | **၅၅** | **၁၁၃** | **၆၇** | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၌ စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)တွင် ရွာ၏အိမ်ထောင်စု နှစ်ပုံတစ်ပုံခန့်သာ အဓိက လုပ်ကိုင်ကြသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်သူနည်းပါးပါသည်။ အစဉ် အလာအရ နွားမွေးမြူခြင်းများရှိသော်လည်း စီးပွားအဖြစ် မမွေးမြူနိုင်ပေ။ သတ္တုတူးဖော်ရေးတွင် လူနည်းစုသာ လုပ်ကိုင်ကြပါသည်။ ထုတ်ကုန်လုပ်ငန်းတွင် ရွာ၏ဥယျာဉ်ခြံလုပ်ကိုင်သူများသာ အဓိက လုပ်ကိုင်ကြသည်။ အငှားလုပ်ကိုင်သူများမှာလည်း အနည်းငယ်သာရှိပါသည်။ လျှပ်စစ်ပေးဝေရေးတွင် ဈေးနှုန်းများမြင့်မားသဖြင့် ရာနှုန်းပြည့်သုံးစွဲနိုင်မှု နည်းပါးပါသည်။ ထို့ကြောင့် ဈေးနှုန်းသက်သာစွာ နှင့် ရာနှုန်းပြည့်သုံးစွဲနိုင်ရန်လိုအပ်ပါသည်။ ဆောက်လုပ်ရေးတွင် လူနည်းစုသာ လုပ်ကိုင်ကြပြီး ယာဉ်စက်ကိရိယာလုပ်ကိုင်များမှာ ရှားပါး ပါသည်။ ကျွမ်းကျင်ပညာရှင်များတွင် အုပ်ချုပ်သမားများသာ အနည်းငယ်ရှိပါသည်။ ၎င်းတို့မှ သင်တန်းပေး ပို့ချသင်ကြားပေးမှုများကိုလည်း တွေ့ရပါသည်။ လက်လီ-လက်ကား ရောင်းဝယ်ရေး တွင် ရွာ၏လူနည်းစုသာ လုပ်ကိုင်ကြပြီး ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်းမှာ လိုင်စင်နှင့် ငွေကြေးအင်အားများ မတတ်နိုင်သဖြင့် လုပ်ကိုင်သူရှားပါးပါသည်။ ချေးငွေလုပ်ငန်းအိမ်ခြံ၊ မြေရောင်းဝယ်ရေးလုပ်ငန်းတို့တွင် လုပ်ကိုင်သူ အလွန်နည်းပါးပါသည်။ ပို့ဆောင်ရေးတွင် ရွာ၏

လူဦးရေ(၂)ဦးလောက်သာ လုပ်ကိုင်ကြပါသည်။ ပညာရေးတွင် လုပ်ကိုင်သူမှာ (၁)ဦးမျှသာ ရှိပါသည်။ လူမှုရေးလုပ်ငန်းတွင် လုပ်ကိုင်သူနည်းပါးပါသည်။ အိမ်များတွင် အငှားလိုက် လုပ်သူများနှင့် အမျိုးအမည်မဖော်နိုင်သော လုပ်ငန်းများတွင် ရွာ၏ ၃၂.၇၂% သာ အဓိက လုပ်ကိုင်ကြပါသည်။ ပြင်ပအဖွဲ့အစည်းတွင် လုပ်ကိုင်သူများမှာ အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၅၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၅၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၃၅၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၁၅၀၀၀ | | ၅၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ **၂၂.၇၅**)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × **၈**)

**လေ့လာတွေ့ရှိချက်။** ။လယ်ယာလုပ်ငန်း၊ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် ထုတ်ကုန်လုပ်ငန်းများတွင် ကျားဝင်ငွေမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး မဝင်ငွေမှာ ၄၅၀၀ ကျပ်သာ ရှိပါသည်။ ငါးဖမ်းလုပ်ငန်း၊ ယာဉ်စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများမှာ လုပ်ကိုင်သူရှားပါးပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် ၈၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ခန့်

အထိ ရရှိကြောင်းတွေ့ရပါသည်။ ကျွမ်းကျင်ပညာရှင် များ၊ အပ်ချုပ်သမားများတွင် မိန်းကလေး များသာ အဓိကလုပ်ကိုင်ကြပြီး ၁၅၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ခန့်အထိရရှိကြောင်း လေ့လာတွေ့ရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၉၃.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၁၇၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၄၆၉.၅ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်မြေ(၆)ဧကရှိပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်အနေအထားရှိပါသည်။ ချောင်းတစ်ခုတည်းမှာသာ ရေရရှိပါသည်။ တောင် သူများမှာ မိုးရာသီတွင် အဓိကလုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံမြေမှာ ၂၉၃.၅ ဧကရှိပြီး တောင်ယာမြေ လုပ်ကိုင်သူမှာ ရှားပါးပါသည်။ ပုံစံ(၇) မရှိသေးသော မြေအလွတ်များရှိနေသဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မှု နည်းရပါသည်။ အိမ်၊ ခြံဝင်းများစိုက်ခင်းမှာ (၆၆)ဧကရှိပြီး ထိုအထဲမှ (၄၅)ဧကမှာ ကွမ်းသီးပင်များ ဖြစ်ကြ သည်။ နှစ်ရှည်သီးနှံစိုက်ခင်းမှာ (၁၀၄)ဧကရှိပြီး အများစုမှာ ရော်ဘာပင်များဖြစ်ပြီး တစ်နှစ်မှ သုံးနှစ်သား အပင်များပြားကြောင်း တွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ရေပိုင်းကျေးရွာတွင် ကာဗွန်(ဓါတ်ငွေ့၊ ရေနံ)များ ထွက်ရှိမှု မရှိပါ။ အခြားရင်းမြစ်များမှာ အသင့်အတင့်ရှိသော်လည်း ငွေကြေးအင်အား မလုံလောက်ခြင်း၊ ကိုယ်ထူကိုယ်ထမတတ်နိုင်ခြင်းကြောင့် စက်ရုံများတည်ဆောက်ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။ သဘာဝ တိရစ္ဆာန် မျိုးစိတ်များမှာလည်း အသင့်အတင့်ရှိသော်လည်း နောင်တွင်ရှားပါးမှုရှိလာနိုင်သဖြင့် သစ်တောဌာနနှင့်ပူးပေါင်းတိုင်ပင်ကာ သဘာဝသစ်တောကြိုးဝိုင်းများ ချမှတ်ပေးရန်လိုအပ်ပါသည်။ သဘာဝပင်မျိုးစိတ်များနှင့် ဆေးဖက်ဝင် အပင်များကို အနည်းငယ်သာရှိပါသည်။ အဓိကအားဖြင့် သစ်တော်ပြုန်းတီးမှုကြောင့် ဆေးဖက်ဝင်အပင်များနည်းပါးလာခြင်းဖြစ်ပြီး သစ်တောဌာနများနှင့် တိုင်ပင်ကာ သစ်တောပြုန်းတီးမှုများ ပျောက်ပျက်ရန် စနစ်တကျခုတ်လှဲ စိုက်ပျိုးပေးရန်လိုအပ်ပါသည်။

**(ဃ) ဥစ္စာစနေအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာစနေအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | ၁၁၀ | ၂၅၀ | ၈၆ | ၂၅ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၇ | ၁၉ | ၁၇ | ၁၂ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ရေဝိုင်းကျေးရွာတွင် ကာဗွန်(ဓါတ်ငွေ့၊ ရေနံ)များ ထွက်ရှိမှု မရှိပါ။ အခြားရင်းမြစ်များမှာ အသင့်အတင့်ရှိသော်လည်း ငွေကြေးအင်အား မလုံလောက်ခြင်း၊ ကိုယ်ထူကိုယ်ထမတတ်နိုင်ခြင်းကြောင့် စက်ရုံများတည်ဆောက်ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာလည်း အသင့်အတင့်ရှိသော်လည်း နောင်တွင် ရှားပါးမှုရှိလာနိုင်သဖြင့် သစ်တောဌာနနှင့်ပူးပေါင်းတိုင်ပင်ကာ သဘာဝသစ်တောကြိုးဝိုင်းများ ချမှတ်ပေးရန်လိုအပ်ပါသည်။ သဘာဝပင်မျိုးစိတ်များနှင့် ဆေးဖက်ဝင် အပင်များကို အနည်းငယ်သာရှိပါသည်။ အဓိကအားဖြင့် သစ်တော်ပြုန်းတီးမှုကြောင့် ဆေးဖက်ဝင်အပင်များနည်းပါးလာခြင်းဖြစ်ပြီး သစ်တောဌာနများနှင့် တိုင်ပင်ကာ သစ်တောပြုန်းတီးမှုများ ပျောက်ပျက်ရန် စနစ်တကျခုတ်လှဲ စိုက်ပျိုးပေးရန် လိုအပ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဌစ္စာမနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____ ______<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = _________ |
| ၆ လ မှ ၁၂ လအထိ | ၁ | အခြားအစာပြောင်းလဲစား = ____________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____ ______<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုစုစုပေါင်းသောကြောင့် ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်း၊ ကျပန်းလုပ်ငန်းနှင့် လက်လီ–လက်ကားရောင်းဝယ်ရေး လုပ်ငန်းများမှ အလုပ်အကိုင်များကို တွေ့ရှိရပါသည်။ ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ ၃၀ရာခိုင် နှုန်းဖြစ်သော အိမ်ထောင်စု(၉)စုကို လေ့လာဆန်းစစ်မှုအရ ၂၂.၂၂ ရာခိုင်နှုန်းမှာ သုံးလခန့် သူတပါးထံမှ မချေးငှားဘဲ နပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိပါသည်။ ၆၆.၆၆ရာခိုင်နှုန်းမှာ ၃လမှ ၆လခန့် သူတပါးထံမှ မချေးငှားဘဲ နပ်မှန်စားသုံး နိုင်ကြောင်း တွေ့ရှိရပါသည်။ အကြွေးတင် ရှိမှုမာဏမှ ၅၀၀၀၀ ကျပ်မှ  ၅၀၀၀၀ ကျပ်အထိ တင်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို၊ မသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့်အိမ်ခြေမှာ (၄)အိမ်ရှိပြီး မုဆိုးဖို၊ တစ်ခုလပ် အိမ်ခြေမှာ (၃)အိမ်ရှိပါသည်။ထိုဆင်းရဲသားများဖြစ်ကြသဖြင့် ရရာအလုပ်ကို လုပ်ကိုင်စားသောက်နေကြရပြီး စားဝတ်နေရေးမှာ ထိခိုက်ခက်ခဲမှုရှိပါသည်။ အခြားဒေသသို့ သွားရောက်နေထိုင်သော ဆင်းရဲသည့်အိမ်ထောင်စုများမရှိပါ။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

### ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐ |
